## ဘုရားရှင်ကိုစမ်းသပ်ကြည့်ပါ၊ သူရှိကြောင်းသက်သေပြပါ။

မိမိတို့ဘုရားသခင်ကို မယုံကြည်ကြောင်း ပြောကြသောသူများစွာက အမှန်တကယ် ဘုရားမဲ့ဝါဒီများ မဟုတ်ကြ။ ၎င်းတို့သည် သမ္မာတရားကို သိနားလည်ရန် အခွင့်အလမ်းမရရှိခဲ့သေးသောကြောင့် ၎င်းတို့အနေနှင့် နောက်ဆုံး အဆုံးအဖြတ်ကို မချမှတ်နိုင်ဘဲ ရှိနေခြင်းသာဖြစ်နိုင်သည်။ သို့သော်၎င်းတို့ နားလည်သဘောပေါက်ခြင်း မဖြစ်လာမီ ဖြေကြားဖို့ရန် လိုအပ်သည့်မေးခွန်းများ သို့မဟုတ် သံသယများ ၎င်းတို့တွင်ရှိနေခဲ့သည်တိုင် ယင်းတို့အနေနှင့် ဟန်ဆောင်ခြင်းမရှိဘဲ အဖြေများကိုအမှန်တကယ်လိုချင်သည်ဟုဆိုလျှင် ဘုရားသခင်သည် ၎င်းတို့အား ဖွင့်ပြလိမ့်မည်ဖြစ်သည်။

ထို့ကြောင့် သင်သည်ဘုရားသခင်ကို မယုံကြည်လျှင် သမ္မာကျမ်းစာကိုသော်၎င်း အခြားမည်သည့်အရာကိုမဆိုသော်၎င်း မယုံကြည်ခဲ့လျှင် သင်သည်ဘုရားသခင်ကိုစမ်းသပ်ဖန်ပြွန်ထဲ ထဲ့ပြီး သူတည်ရှိကြောင်းကို သက်သေပြနိုင်သည်။ သင့်အနေနှင့်ဘုရားသခင်ကို သင့်အတွင်း၌ထားပြီးသား ဖြစ်လာသည်ကိုကြည့်ရှုသာရှိသည်။ သင့်အနေနှင့်ရိုးစင်းစွာဖြင့် “ဘုရားရှင် အပြင်ဘက်တစ်နေရာရာတွင် ကိုယ်တော်ဘုရားရှိနေလျှင် ကျွန်ုပ်ကိုပြသပါ၊ ကိုယ်တော်ကိုပြသပါ” ဟုဆုတောင်းခံလျှင် သူသည် ပြသလိမ့်မည်ဖြစ်သည်။ ထိုအရာကိုပြုခြင်းဖြင့်ဖြစ်နိုင်ခြေကိုသင်ဝန်ခံသည်နှင့်တပြိုင်နက်သင်သည်ဘုရားရှင်အားအခွင့်အရေးကို ပေးနေခြင်းဖြစ်သည်။ အလွန်သေးငယ်သည့်ယုံကြည်ခြင်းမီးပွားလေး ရှိနေသည်ဖြစ်ရာ ဘုရားသခင်သည် ထိုယုံကြည်ခြင်းကို ဂုဏ်ပြုရန်အတွက် ထိုသက်သေကိုသင့်အားဖြစ်စေခံစားစေသိစေခြင်းဖြင့် ဂုဏ်ပြုလိမ့်မည်။ သင်မျှော်လင့်ထားသည့် ပုံစံဖြင့်သော်၎င်း ချက်ချင်းလက်ငင်းဆိုသလိုသော်၎င်း သူကလုပ်ချင်မှ လုပ်ပေမည်။ သို့သောအနေးနှင့်အမြန်ဆိုသလို တနည်းနည်းဖြင့်သူက လုပ်ဆောင်လိမ့်မည်သာဖြစ်သည်။

ဘုရားသခင်သည် ယုံကြည်ခြင်းကိုကြိုက်နှစ်သက်သည်။ မိမိတို့သူ့ကို ယုံကြည်သောကြောင့် သူသည်ကျွန်ုပ်တို့အားချစ်သည်။ သူ့ကို ယုံကြည်လိုက်ပြီဆိုသည်နှင့်တပြိုင်နက် ဘုရားရှင်သည် နည်းလမ်းများစွာဖြင့် သူ၏ကိုယ်ကို သက်သေပြလိမ့်မည်ဖြစ်ရာ ဆုတောင်းခြင်းများစွာအတွက် အဖြေများနှင့် ထူးဆန်းအံ့သြဖွယ်ရာအမှုအရာများ သင့်ဘဝအသက်တာတွင်းမှ အပြောင်းအလဲများအားဖြင့်တို့ဖြင့် သက်သေပြလိမ့်မည်။